# ချိန်းတဲ့ ည

ကကြိုးသျှင်



# ချိန်းတဲ့ည
## ကကြိုးသျှင်
### (၁)

နည်းပညာတက္ကသိုလ် မော်ဘီ၏ ကျောင်းဆောင်အဟောင်းဘက် တံခါးပေါက်နှစ်ဖက်အား ဆက်သွယ်ထားသည့် ဂငယ်ပုံ မြေနီလမ်းတစ်လျှောက် မထသ၊ ပါရမီ စသော ကျောင်းဖယ်ရီ ကားများ တန်းစီရပ်ထားကြ၏။ ကျောင်းဆင်းချိန်မို့ ကန်တင်းမှာလည်း ကျောင်းသားကျောင်းသူတွေ စည်ကားနေသလို ဖယ်ရီတွေ တန်းစီရပ်ထားသည့် လမ်းတစ်လျှောက်မှာလည်း အဖြူနှင့်နက်ပြာ ယူနီဖောင်းကိုယ်စီ ဝတ်ထားကြသော နည်းပညာတက္ကသိုလ် ကျောင်းသူကျောင်းသားများ ကိုယ့် ဖယ်ရီ သူ့ဖယ်ရီ လိုက်ရှာကြ၊ ကိုယ်စီးရမည့် ဖယ်ရီတွေ့ပါက အချင်းချင်း ရယ်မော နှုတ်ဆက်ကြဖြင့် ရှုပ်ယှက်ခတ်နေသည်။ အဲရ်ကွန်း ဘတ်စ်ကားကြီးများမှာ တချို့ကားတွေက ခပ်စုတ်စုတ် တချို့ကားတွေလည်း တော်တော်လေး သစ်လွင်ကောင်းမွန်ကြပြီး အရောင်အဆင်းကျတော့ ခပ်ဆင်ဆင်များ ဖြစ်ကြသည့်အပြင် ကိုယ်စီးသည့်ဖယ်ရီကား ဘယ်နေရာမှာ ရပ်နေမလဲ မသိရသည့်မို့ ကျောင်းဆင်းတိုင်း ကားတွေဦးတည်ထားသည့် ကျောင်းအဝင်ဝကနေ ကိုယ့်ကားကို မတွေ့မချင်း လမ်းလျှောက်ကြရသည်။ တစ်ခါတလေ လမ်းသိပ်မလျှောက်ရဘဲ ကိုယ်စီးမည့်ကား ကိုတွေ့သည်။ တစ်ခါတလေကျတော့လည်း အဝင်ဝကနေအဆုံးထိ တဆုံးလျှောက်ကြရ၏။ တက္ကသိုလ် ကျောင်းသူကျောင်းသားများဟု ဆိုကြသော်လည်း တီယူ ကျောင်းသူကျောင်းသားများ

အဖြစ်က အဖြူနှင့်နက်ပြာ ယူနီဖောင်း ဝတ်ရရုံကမ ထီးထမင်းချိုင့်နှင့် တချို့စာကြိုးစားသည့် ကျောင်းသူတွေဆို လွယ်အိတ်အလေးကြီး လွယ်ကြရကာ စာအုပ်တွေ လက်ထဲ တစ်ပွေ့တစ်ပိုက် ပိုက်ရသေး၏။ ကျောင်းဆောင်အသစ်ကြီး မပြီးတပြီးမို့ တချို့မေဂျာတွေက ကျောင်းဆောင်အသစ်မှာ တချို့ မေဂျာတွေကျတော့ ယိုယွင်းပျက်စီးနေပြီဖြစ်သော ကျောင်းဆောင် အဟောင်းတွေမှာ တက်ရသည်။ ကျောင်းဆောင်အဟောင်းက ကျောင်းသူကျောင်းသားတွေအတွက် ဖယ်ရီစီးဖို့ နည်းနည်းနီးသော်လည်း ကျောင်းဆောင်အသစ်ကနေ ဖယ်ရီစီးဖို့ပြန် လာရလျှင် တစ်ကွေ့တစ်ပတ် လမ်းလျှောက်လာရသည်။ ထို့သို့လမ်းလျှောက်ချိန် ကားရှာချိန်များနှင့် တချို့ကျတော့လည်း ကျောင်းဆင်းမှ ကန်တင်းထိုင်ပြီး ထလာတတ်သည်မို့ ကျောင်းဆင်းချိန်ရဲ့ တစ်နာရီ နီးပါးလောက်ကြာမှ ဖယ်ရီတွေစ ထွက်တတ်သည်။ ဖယ်ရီတွေက မြို့နယ်အလိုက် နီးစပ်ရာနီးစပ်ရာပေါင်းစီးကြရသည်မို့ အတူတွဲစီးကြရသည့် ကျောင်းသူကျောင်းသားများမှာ မေဂျာတူချင်မှ တူသည်။ နှစ်ချင်းလည်း တူချင်မှတူသည်။ လစဉ်ဖယ်ရီခကောက်ပေးသည့် ကျောင်းသား ခေါင်းဆောင်များ ကားတိုင်းကားတိုင်းမှာရှိကြပြီး ကိုယ့်ကားပေါ်မှာ ရှိတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် ထိုင်ခုံနေရာ စီစဉ်ပေးသည့်ကိစ္စများအား ထိုကျောင်းသား ခေါင်းဆောင်များက လုပ်ကြသည်။ တစ်နှစ်ကို ကားတစ်စီးပြောင်း ကျတတ်သော်လည်း တစ်နှစ်ပတ်လုံး ဒီကားကိုပဲ စီးကြရသည်မို့ ကားတစ်စီးတည်း အတူစီးရသည့် ကျောင်းသူကျောင်းသားများ၊ ကားဒရိုင်ဘာ စပယ်ယာများမှာ မျက်မှန်းတန်းမိ ရင်းနှီးနေကြ၏။ တစ်ခါတလေ အခန်းထဲက မေဂျာတူ သူငယ်ချင်းတွေထက်ပင် ကားတစ်စီးတည်း စီးသည့်သူချင်း ပိုရင်းနှီးနေကြတာမျိုးလည်း ရှိ၏။

စျာန်၊ ဇော်ရဲထွဋ်၊ မိုးကောင်း၊ ရဲသွေးတို့ လေးယောက်မှာ တစ်ယောက် တစ်မေဂျာစီ ဖြစ်ကြသော်လည်း ပထမနှစ်ကနေ B-Tech First ရောက်သည် အထိ ဖယ်ရီတစ်စီးတည်းသာ အမြဲအတူ စီးလာကြသည်မို့ ကဲဘော်ကဲ ဘက်အချစ် ဆုံးသူငယ်ချင်းများ ဖြစ်နေကြသည်။ စျာန်က IT၊ ဇော်ကMP၊ မိုးကောင်း နှင့်ရဲသွေးက EPစသော မေဂျာတွေ မတူကြသော်လည်း အတန်း လစ်တာချင်းလည်း အတူတူ ကန်တင်းထိုင်လည်း အတူတူ ဖယ်ရီတွေ ကျောင်းထဲ မဝင်ခင် ကတည်းက ပါရမီကားဂိတ်သွားပြီး ကားသမားတွေနဲ့ အဖွဲ့ကျတတ်တာချင်းလည်း အတူတူ၊ ခုလို ကားပေါ်ရောက်တော့လည်း အ ငြိမ်မနေဘဲ တစ်ယောက်ကိုတစ်ယောက် စနောက် ဆေးထိုးကြတာ ချင်း လည်း အတူတူပဲဖြစ်ကြ၏။ အားလုံးထဲမှာ စျာန်က အဆိုးဆုံး အကဲဆုံးဖြစ် ပြီး ဇော်က အငြိမ်ဆုံးဖြစ်သည်။

"ခိ ... ခိ ... ခွီး"

ရဲသွေးရယ်သံက ခပ်ကျိတ်ကျိတ် ... .။ ဆော့ပင်န်ဖြင့် စျာန်ဆွဲပေးလိုက်သ ည့် နှုတ်ခမ်းမွေး ရာသည် မိုးကောင်း၏ ဝက်ခြံကြီးငယ်တို့ အပြည့်ပေါက် နေသည့် အဆီပြန်နေသော မျက်နှာမှာ ကြည့်ရဆိုးလွန်းလှကာ ဒီလောက် ပတ်ဝန်းကျင်မှာ ဆူညံနေချိန်မှာတောင် ဆင်အော်လို့ ကြွက်မနိုး အိပ်ပုပ် ကြီးနေသည့် မိုးကောင်းပုံစံက ကလေးဆိုးကြီးနဲ့ တူလှသည်မို့ မရယ်ဘဲမ နေနိုင်။ စျာန်လုပ်နေတာကို မြင်သည့် ကျောင်းသူအချို့ ခပ်ကြိတ်ကြိတ် ပြုံး နေကြပြီး ဇော်ကတော့ မျက်နှာချင်းဆိုင်က နှစ်ယောက်တွဲခုံမှာ ထိုင်ရင်း ကားပြတင်းပေါက်က တစ်ဆင့် တစ်စုံတစ်ယောက်အား လှမ်းမျှော်ကြည့် တတ်ကာ စျာန်နှင့်မိုးကောင်းကို လှည့်ကြည့်ပြီး ခပ်လွင့်လွင့် ပြုံးနေသည်။ စျာန်သည် ဘယ်တော့မှ စာကြည့်တာ စာကျက်တာမမြင်ဘဲ ရိုးဝမ်း ဆိုသ ည့် ပထမနေရာ အမြဲရတတ်သည့် ကျောင်းသားဖြစ်ကာ နှာတံစင်းစင်း

အသားညိုစိမ့်စိမ့် ကတုံးဆံတောက် ဆံပင်ပုံစံနှင့် ထူးခြားစွာ ခန့်ညားကြည့်ကောင်းသည့်မျက် နှာပုံစံကြောင့် မိန်းကလေး တော်တော်များများကြားမှာ ရေပန်းစားနေသည့် အိုင်တီကင်းဖြစ်၏။ ကင်း၊ ကွင်းဆိုသည့် ရာထူးမှာ တကယ်တော့ ရွေးခတ်တက္ကသိုလ် ကျောင်းသူကျောင်းသားတွေလို မောင်မယ်သစ်လွင်ပွဲတွေ ဘာတွေလုပ်ပြီး ရွေးရ တာမျိုးတော့မဟုတ်၊ ကျောင်းသူကျောင်းသားတွေ အလိုလို သတ်မှတ်လိုက်သည့် သတ်မှတ်ချက်တစ်ခုဖြစ်သည်။ တကယ်တော့ အိုင်တီဆိုသည့် မေဂျာက မိန်းကလေးများသည့် မေဂျာ၊ ယောကျ်ားလေးရှားပြီး ရှိတဲ့ယောကျ်ားလေး ကျတော့လည်း တောသားတွေလား အခြောက်တွေလား မေးယူရလောက်အောင် ခပ်ပျော့ပျော့ ခပ်နွဲ့နွဲ့များသာ ... ၊ ဈာန်ကျတော့ ယောကျ်ားဆန်ရုံမက မိန်းကလေးတွေကြား တစ်နည်းတစ်ဖုံ ဆွဲဆောင်မှု ရှိနေသူဖြစ်ရာ ထူးခြားပေါ်လွင်နေ၏။ ထို့ပြင် ဈာန်သည် နည်းပညာ တက္ကသိုလ်၏ ကျောင်းအုပ်ပါမောက္ခကြီးရဲ့ တစ်ဦးတည်းသောသား ဖြစ်လေသည်။ ထို့ကြောင့်ပင် ခေတ်ရတနာကျော် ဆိုသည့် ခေတ်သည်လည်း ဈာန်ရဲ့ ရည်းစားအဖြစ် မိန်းကလေးတွေကြား လူသိများလေသည်။

"ဈာန် ဘာလုပ်တာလဲ ... မလုပ်ပါနဲ့ဟာ ... "

မိုးကောင်းအား ဓာတ်ပုံရိုက်ယူလာပြီး သူမထိုင်နေသည့် နှစ်ယောက်တွဲ ခုံဘေးက လွတ်နေသည့် နေရာလွတ်မှာ ဝင်ထိုင်ချလိုက်ကာ ဖေ့ဘုတ်ပေါ် တင်နေသည့် ဈာန့်အားပြောရင်း ခေတ် ဈာန့်ဖုန်းကို လှမ်းယူဖို့ ကြိုးစား၏။ ဈာန်က အယူမခံဘဲ တင်ဖြစ်အောင်ကို တင်လိုက်ပြီး Like တွေ Comment တွေ ထိုင်ဖတ်ပြီး ခွီနေတော့သည်။

ဖယ်ရီတွေထွက်ဖို့ပြင်ရန် ခရာမှုတ်သံကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏။

"မိုးကောင်း ... မိုးကောင်း၊ ဟော့ကောင် ထတော့ဟ ကားထွက်တော့မှာ ... "

နောက်ဆုံးခုံတန်းမှာ လွတ်လွတ်လပ်လပ်ကြီး အိပ်ပျော်နေသည့်မိုးကောင်းအား ရဲသွေး ရယ်ချင်စိတ်ကို မျိုသိပ်ရင်း နှိုးလိုက်သည်။ မိုးကောင်း အိပ်ချင်မူးတူးဖြင့် ဟိုကြည့်ဒီကြည့်နိုးလာရင်း ဖုန်းထုတ်ကြည့်၏။ သိပ်မကြာလိုက် ...

"ဟာ ... ဟော့ကောင်ချာန် ... "

"ဟား ... ဟား ... ဟား ... "

ဘယ်လောက်တောင် အောင့်အည်းနေရသည်မသိ ရဲသွေးရော ချာန်ရော ထရယ်ကြ၏။ ဇော်လည်း မနေနိုင်ဘဲ လှည့်ကြည့်ရယ်မိလျှင် မိုးကောင်းသူ့မျက်နှာ သူ့အုပ်ရင်း အနီးအနားက ကောင်မလေးလေးတွေကို မလုံမလဲလိုက်ကြည့်သည်။ ကောင်မလေးတွေ တခစ်ခစ် ရယ်နေကြတာတွေ့လျှင် ...

"ခွေးကောင်တွေ မင်းတို့ ... "

"ဟော့ .ဟော့ ငါမဟုတ်ဘူး ချာန်ကွ ... "

"ချာန် ... မင်း ... မင်းတွေ့မယ် လာစမ်း"

မိုးကောင်း ရှက်ရမ်းရမ်းကာ ကမူးရှူးထိုးကြီး ချာန်ဆီပြေးသွား၏။ ချာန်ကထိုင်ရာမှ ထပြေးလျှင် အလယ်လမ်းမှာ ကော်ခုံနှင့်ထိုင်ရသည့် ကျောင်းသူကျောင်း သားများအား ကျော်ခွသွားရပြီး ရှုပ်ယှက်ခတ်သွားသည်။

"ချာန် ... ဟော့ကောင်ရပ်စမ်း၊ မင်းကို မင်းအဖေပါမောက္ခနဲ့ကို တိုင်မှာ ... "

"တိုင်စမ်း ... ငါလည်း မင်းပုံတွေ ဖေ့စ်ဘုတ်အကောင့် ရှိသမျှ လိုက်တင်ပေး မှာ ... "

"ရပ် ... ရပ်စမ်း ... "

"ဟဲ့ ... ဟဲ့ ... "

"အား ... "

သူတို့နှစ်ယောက်ရဲ့ စိန်ပြေးလိုက်တမ်း ကစားပွဲမှာ အလယ်ရိုးမှာထိုင်ရသည့် ကျောင်းသူကျောင်းသားများပါ ကြားညပ်ပါကာ ထိမိသူထိမိ အမိအရဘေး တိမ်းရှောင်ဖယ်ပေးရင်း အော်သူအော်နှင့် ဖြစ်ကုန်သည်။

"အမေ့ ... "

"ဟာ ... ဆောရီးနှင်း ... "

စျာန် ကားဝင်ပေါက်နားထိ ရောက်သွားကာ ကားပေါ်တက်လာသည့် မိန်းကလေး တစ်ယောက်နှင့် တိုက်မိ၏။ တိုက်မိတာထက် သူကထိုင်နေသည့်လူကို ကျော်ရင်း ဟပ်ထိုးလဲအကျ နှင်းက ကားအဆင်းအတက်မှာ ရှိသည့် သံတိုင်နှင့်သူ့ ကြားရောက်လာပြီး နှစ်ယောက် ဖက်လျက်သား သံတိုင်ပေါ်ပစ်ကျသွားလျှင် ... ၊

"ဒေါင် ... "

"နှင်း ... "

နှင်းခေါင်းနှင့် သံတိုင် ဆောင့်မိသည့် မြည်သံကြီးကို သူထိုင်နေသည့်နောက်ကနေတောင် ကြားလိုက်ရသည်မို့ ဇော် စိုးရိမ်တကြီး ခေါ်မိရင်း ထိုင်ရာမှက မန်းကတန်း ထသွားမိ၏။ စျာန် ချက်ချင်း ကိုယ်ရှိန်သတ်ကာ နောက်ဆုတ်လိုက်ပြီး နှင်းမဟေသီ ဆိုသည့် ကောင်မလေးအား ငုံ့ကြည့်မိ၏။ ကြားလိုက်ရသည့် အသံကြောင့် တော်တော်ကြီး အီစိမ့်သွားမှာပဲ ဆို

သည့်အသိနှင့် ရယ်လည်း ရယ်ချင်၊ ရယ်လည်း မရယ်ရက်ဘဲ သူ့မျက်နှာက မချိုမချဉ် … ။

"ရရဲ့လား"

နှင်း ထူပူသွားသည့် နောက်စေ့ကို ဖိပွတ်နေရင်း မော့ကြည့်မိသည်။ သူမကို နီးနီးကပ်ကပ်ကြီး ငုံ့ပြီး စိုက်ကြည့်နေသည့် ဈာန်မျက်နှာကို မြင်လျှင် မျက်လုံးလေးတွေ ဝိုင်းစက်သွားကာ ဖျတ်ခနဲ မျက်လွှာချ ချက်ချင်း ခေါင်းငုံ့ချလိုက်မိကာ ခေါင်းညိတ် ပြလိုက်မိသလား ခေါင်းခါ လိုက်မိလား မသိတော့။ ဈာန် သူမေးတာကိုမဖြေဘဲ သူ့ကို အတင်း တိုးတိုက် ထွက်သွားသည့် နှင်းအား လည်ပြန် လိုက်ကြည့်မိသည်။ ဇော်က နှင်းအား လမ်းမှာ ဖြတ်တားပြီး စိုးရိမ်တကြီးမေးနေ၏။

"နှင်း အရမ်းနာသွားလား … ဈာန် မင်းကွာ … "

နှင်းနှင့် အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်ကြသော ခေတ်ကလည်း နှင်းကို ထကြိုကာ ခေါင်းကို စမ်းကြည့်ပြီး 'ဟယ် … ဘုကြီးအကြီးကြီးပဲတော့' ဟု ထပြောသည်။ ပြောပြီး ခုံမှာ ပြန်ထိုင်နေသည့် ဈာန်အား ခပ်စူးစူး အပြစ်တင်သလို လှမ်းကြည့်၏။ ဈာန် အနည်းငယ် စိတ်မကောင်းဖြစ်မိလျက် နှင်းကို လှမ်းကြည့်မိသည်။ ခုနက သူ့ကို မော့ကြည့်လာသည့် နှင်း မျက်လုံးလေးတွေထဲမှာ မျက်ရည်လဲ့နေတာ တွေ့လိုက်ကတည်းက "တော်တော်နာသွားမှာပဲ" ဟုတွေးမိပါသည်။ သူလှမ်းကြည့် နေစဉ်မှာပင် နှင်း သူ့ဆီ ဖျတ်ခနဲ လှမ်းကြည့်လာ၏။

"ဆောရီး … "ဟု သူလှမ်းပြောလိုက်လျှင် နှင်းက ခေါင်းညိတ်ပြသည်။

နှင်းသည် အာခီမေဂျာကဖြစ်ပြီး အမြဲတမ်း ကျစ်ဆံမြီးလေး နှစ်ဖက်ချ ဆံပင်တွေ နဖူးအပြောင်သိမ်းကာ ပါးပေါ်မှာ အမြဲတမ်း သနပ်ခါးပါးကွက်လေး အမြဲ တင်ထား တတ်သောကြောင့် တောသူမလေးလိုလို၊ စာကျပိုးလေး

လိုလို။ စကားပြော ရင်လည်း သူမအသံလေးက ကလေးသံလေးလို တိုးတိုး ညှက်ညှက်လေး ဖြစ်ပြီး အရှက်အကြောက်လည်း အလွန်ကြီး၏။ ဇော် ချစ်သူမို့ သူငယ်ချင်းလိုပဲ သဘောထားပြီး ရယ်မော စနောက်မိတိုင်း ခုနက လို ခေါင်းကြီးငုံ့ မျက်လုံးစုံချကာ ခပ်ကုပ်ကုပ်လေး ပြေးပြေးထွက်သွား တတ်သောကြောင့် သူ့အချစ်ဆုံး သူငယ်ချင်း၏ စော်ဖြစ်ပြီး သူ့ ချစ်သူ၏အချစ်ဆုံး သူငယ်ချင်း ဖြစ်သော်လည်း တစ်ခါမှ ကြာကြာ မျက်နှာ ချင်း မဆိုင်ဘူးသလို စကားကြာကြာလည်း မပြောဖူးခဲ့ပေ … ။

သိပ်မကြာလိုက် …။ ဖယ်ရီတန်းကြီး စထွက်၏။

မော်ဘီက မြောက်ဥက္ကလာသို့ လိုင်းကားစီးပါက နှစ်နာရီနီးပါးကြာ ပြီး ဖယ်ရီနဲ့တော့ တစ်နာရီ ကျော်ကျော်သာ ကြာသည်။ ပုံမှန်အတိုင်းပင် အချင်းချင်း စကားပြောသူပြော၊ လမ်းဘေး ငေးသူငေး၊ အိပ်ငိုက်သူငိုက်ဖြင့် ဖယ်ရီစီးလာကြပြီး ထောက်ကြံ့ ကျော်လာချိန်မှာတော့ …

"ဦးလေး … ဒရိုင်ဘာဦးလေးကြီး ကားရပ်ပေးပါဦး … ကားရပ် … ကား မြန် မြန်ရပ်ပေးပါဦး … "

နှင်းခေါင်းကို ကြပ်ပူထိုးပေးရင်း အတူတူ တွဲထိုင်စီးလာကြသည့် ခေတ် ဆီကအသံ ဖြစ်သည်။ ကားစပယ်ယာနှင့်အတူ ကျောင်းသူကျောင်းသားများ အားလုံး လှည့်ကြည့်လာကြ၏။

"ဘာဖြစ်တာလဲ … . ဘာဖြစ်လို့လဲ … "

"နှင်း အန်ချင်လို့တဲ့ … "

"အန်ချင်တယ် … နှင်းနေမကောင်းဘူးလား … "

ဇော်ရဲ့ စိုးရိမ်တကြီး အသံကလည်း ချက်ချင်းလိုက်ပါလာ၏။ ကားရပ် လိုက်သည်နှင့် နှင်းလူတွေကို တိုးတိုက်ပြီး အောက်ကို ပြေးဆင်း

တော့သည်။ ခေတ်နှင့်ဇော်တို့ နှင်းနောက်ကို လိုက်သွားကြပြီး စျာန်ထိုင်ရာက မထမိဘဲ ကားပြတင်းကနေ အောက်ကို လှမ်းကြည့်နေမိသည်။

"စျာန် ... အဲဒါမင်းကြောင့် ... "

သူထိုင်သည့်နောက်ခုံက မိုးကောင်း အသံကြောင့် စျာန် နောက်လှည့်ကြည့်ရင်း ပြန်ပြောမိ၏။

"ဘာ ... ဘာဆိုင်လို့လဲ ... "

"မင်းလုပ်လို့ ခုနက ခေါင်းဆောင့်မိသွားတယ်လေ ... အဲဒါကြောင့် ခေါင်းမူးပြီး အန်ချင်တာနေမှာပေါ့ ... "

စျာန် မျက်ခုံးတွန့်တွန့်ဖြင့် လမ်းဘေးမှာ အန်နေသည့်နှင်းနှင့် နှင်းဘေးမှာ ဝိုင်းအုံနေကြသည့် ခေတ်၊ ဇော်နှင့် ကျောင်းသူကျောင်းသား တချို့အား ပြန်ငုံ့ကြည့်မိသည်။

ဟုတ်များ ဟုတ်သလား ...

***

(၂)

ဆေးစစ်ထားသည့် ရီဆက်အား ဖတ်နေသည့် ဒေါက်တာဒေါ်မျိုးမျိုး မျက်လုံးတွေ နှင်းဆီ ဒိုင်းခနဲ ရောက်သွား၏။ ထို့နောက် သူမမျက်နှာကို စိုက်ကြည့်နေသည့် သူမ၏ အချစ်ဆုံးသူငယ်ချင်း ဒေါ်အေးအေးမာဆီလည်း အလိုလိုရောက်သွား၏။ ပြောရခက်လျက် ကိုယ့်ကိုယ်ကိုယ်ပင် နားမလည် နိုင်ဘဲ ဖြစ်နိုင်ပ့ါမလား အခါခါ အခေါက်ခေါက် စဉ်းစားလိုက် စစ်ဆေး လိုက်နှင့် ဆီးစစ်သည့် အဖြေသည်လည်း အထပ်ထပ်ဖြစ်ခဲ့ပြီ ... ၊

"မျိုး ... "

သူမ ဆီမှ အသံတိတ်နေတော့ ဒေါ်အေးအေးမာ နားမလည်သလို ခေါ်၏။ ဒူးထိရှည်လျားသည့် ဆံပင်ရှည်များအား နဖူးအပြောင်သိမ်းကာ ဘီးစပတ် ပတ်ထားသည့် ဒေါ်အေးအေးမာ၏ ဆံထုံးကြီးက ခေါင်းပေါ်မှာ ထူထူထဲထဲ တည်ရှိနေသည်။ မိတ္တူကူးထားသလား ထင်ရလောက်အောင် နှင်းကဲ့သို့ သနပ်ခါးပါးကွက်ပါးပါး ကွက်ထားသည့် ဒေါ်အေးအေးမာ မျက်နှာမှာ အလိုလိုတွန့်နေသည့် မျက်ခုံးတန်းနှစ်ဖက်က ပုံမှန်ထက် ပိုတွန့်ကုတ် နေ၏။ ဒေါ်အေးအေးမာသည် မူလတန်းပြကျောင်း အုပ်ဆရာမ အပျိုကြီး ပီပီ အလွန် စည်းကမ်းကြီးသူ ဖြစ်သည်။ ဒေါ်အေးအေးမာ၏ ကျွေးမွေးစော င့်ရှောက်မှု အောက်မှာ ကြီးပြင်းလာခဲ့သော နှင်းသည် မြင်လိုက်တိုင်း ခေါင်းလေးငုံ့၊ ငြိမ်ငြိမ်ကုပ်ကုပ်လေး ရှိနေတတ်ပြီး ခုခေတ်မိန်းကလေးတွေ လို ဆံပင်ကို ဖြောင့်လိုက်ကောက်လိုက် လုပ်ရဖို့ဝေး၊ ဆံပင်ဖားလျား ချခွင့် မရှိ၊ မျက်နှာပေါ်မှာ သနပ်ခါးကလွဲပြီး မိတ်ကပ်နှုတ်ခမ်းနီ တင်ခွင့်မရှိ၊

အဝတ်အစားကိုလည်း ရင်ဖုံးလက်ရှည် ရိုးရိုးနှင့်သာ ကျောင်းတက်ရပြီး တခြားတီယူ ကျောင်းသူများလို အင်္ကျီ အဖြူကို အလှအပ အတွန့်အဖတ် များ တပ်ပြီး လှအောင်ပြင်ဆင်ခွင့် မရှိပေ။ ထိုမျှမကသေး နှင်းနဲ့ပတ်သက် ရင် ယောက်ျားလေး အပေါင်းအသင်း ထားခွင့်ရဖို့ဝေး၊ မိန်းကလေး သူငယ်ချင်းကိုပင် ဒေါ်အေးအေးမာက အနေအထိုင် အပြောအဆို သဘောမ ကျလျှင် မပေါင်းရပေ။ စာဆိုမှစာ ဒီအဒေါ်ဖြစ်သူရဲ့ အုပ်ထိန်းမှု အောက်မှာ ပိရိသေသပ်စွာ နေတတ်သည့် မိန်းကလေးကျမှ ဒါမျိုးဖြစ်ရတယ်လို့ ...

လက်မခံနိုင်ခြင်း မယုံနိုင်ခြင်းများအပြင် ဒေါ်အေးအေးမာနှင့် နှင်းအား ပြော မထွက်နိုင်ခြင်းကြောင့် ဒေါက်တာဒေါ်မျိုးမျိုး နှုတ်တွန့်နေ၏။

"မျိုး ... နှင်းဘာဖြစ်တာလဲ၊ တစ်ခုခု စိုးရိမ်ရလို့လား ... "

"အေးအေး ... ဟို နင့်တူမမှာ ... ဟို ... "

"အေး ... ဘာဖြစ်လို့လဲ၊ နှင်းမှာ ရောဂါတစ်ခုခု ရှိနေလို့လား"

"မဟုတ်ဘူး ... နှင်း ... နှင်းမှာ ကိုယ်ဝန်ရှိနေတယ် ... "

"ဘာ ... "

ဒေါ်အေးအေးမာအသံက ဆေးခန်းကျဉ်းလေးအတွင်း ဟိန်းထွက် သွားသည်။

"ဟုတ်တယ် ... ငါလည်း မယုံလို့သေချာစစ် ... "

"အမိပ္ပာယ်မရှိလိုက်တာအေ ... လာ ထစမ်း နှင်း ... "

ဒေါ်အေးအေးမာ ဒေါက်တာမျိုးမျိုး စကားကို ပြီးအောင် နားမထောင် တော့ဘဲ နှင်းလက်ကိုဆွဲပြီး ဆေးခန်းထဲက ထွက်လာခဲ့၏။ ခေမာသီလမ်းမ ထိပ် ယုဇန ကိုယ်ပိုင်ဆေးခန်း ရှေ့မှာ ရပ်စောင့်နေသည့် သူမတို့ ခေါ်လာ သည့် ဆိုက်ကားပေါ် တစ်ခါတည်းတက်ကာ အိမ်သို့ပြန်လာခဲ့သည်။ အိမ်

အပြန် လမ်းတစ်လျှောက် ဒေါ်အေးအေးမာဆီမှ အသံတိတ်နေတော့ နှင်း ခြေဖျားလက်ဖျားတွေ အေးစက်လာသည်အထိ ကြောက်ရွံ့နေမိ၏။ အန်တီ မျိုး ပြောလိုက်တာကို ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဟု မယုံနိုင် လက်မခံနိုင် တာက တစ်ပိုင်း သူမမှာ အမှန်တကယ် ကိုယ်ဝန် ရှိတာမရှိတာထက် အိမ် ရောက်ရင် လေးလေးအေး အရိုက်ခံရတော့မှာမို့ ထိတ်လန့်နေမိသည်။

"ဆင်းစမ်း ... မြန်မြန်လာစမ်းမိနှင်း ... "

ထင်သည့်အတိုင်းပင် အိမ်ရှေ့မရောက်ခင်ကပင် ဆိုက်ကားခပေးနှင့်ပြီး သား ဖြစ်ကာ သံပန်းအနီရောင်ဖြင့် ခတ်ထားသည့် ခြံတံခါးကို ခပ်သွက်သွက် အသံမြည်အောင် ဖွင့်နေပြီး နောက်ကနေ လေးလေးပင်ပင် လေး လှုပ်ရှားနေသည့် နှင်းကိုလည်း စိတ်မရှည်သလို လှည့်ပြော၏။

လေးလေးအေး ... လေးလေးအေး ငါ့ကိုရိုက်တော့မှာ ...

အတွေးနှင့်အတူ နှင်းခြေထောက်တွေ ပိုပြီး လေးလံလာသည်။

"အိမ်ထဲဝင်စမ်း ... ဘာလုပ်နေတာလဲ ... "

လေးလေးအေးသည် နှင်းလှုပ်ရှားနေတာကို စိတ်မရှည်သလို လက်မောင်းကနေ ခပ်ကြမ်းကြမ်း ဆွဲခေါ်ကာ အိမ်ထဲဝင်ပြီး အိမ်တံခါးကို ပါ ပိတ်ပစ်လိုက်သည်။ ညနေစောင်း နေဝင်ရီတရော အချိန်မို့ မီးမဖွင့်ရ သေးသည့် အိမ်ထဲမှာ ခပ်မှောင်မှောင် ... ။ နှင်း အိမ်တံခါးပိတ်နေသည့် လေးလေးအေး ကျောပြင်ကို မျက်လုံးအဝိုင်းသား ငေးကြည့်ရင်း ရင်တ ထိတ်ထိတ် ဖြစ်နေမိသည်။ ဒေါ်အေးအေးမာ တံခါး ပိတ်ပြီးသည်နှင့် နှင်း ကို လှည့်ကြည့်၏။

"နှင်း ... ငါကိုပြောစမ်း၊ ညည်းဘယ်သူနဲ့ ဘာဖြစ်ခဲ့သေးလဲ ... "

ဒေါ်အေးအေးမာ ကိုယ့်တူမအကြောင်း ကိုယ်အသိဆုံး ... ။ နှင်းသည် သူမ

စကားကို ပယ်ရှားဝံ့ဖို့ဝေးစွ။ အလွန်အားငယ် ကြောက်တတ်သည့် မိန်းကလေးမို့ တစ်ခါတလေ စိတ်ရှိတိုင်း ဆူဖို့ပြောဖို့တောင် ကိုယ့်ကို အရမ်းကြောက်နေတာ သိ၍ ကိုယ့်စိတ်ကိုပြန်ဖြေ စိတ်လျှော့ယူရသည် အထိ ...။ နှင်းကို ဇော်ရဲထွဋ်ဆိုသည့် သူမသူငယ်ချင်း တစ်ယောက်၏ သား နှင့် သဘောတူထားသည်။ ဇော်ဆိုသည့် ကောင်လေးက ချစ်ခွင့်ပန်တော့ လည်း သူမကိုယ်တိုင် သဘောတူခဲ့၏။ ကျောင်းပြီးရင် လက်ထပ်ပေးမှာဖြစ် ပြီး အနေအထိုင်ဆင်ခြင်ဖို့ ဟိုကောင်လေး ကိုရော နှင်းကိုပါ ကြပ်ကြပ် သတိပေး စောင့်ကြည့်ထားဖြစ်ပြီး နှင်းသည် မိုးလင်းကမိုးချုပ် သူမမျက်စိ ရှေ့မှာပဲ ရှိနေတာ ဒါမျိုးဖြစ်နိုင်စရာ မရှိပေ။ သို့သော် ဖြစ်စရာရှိသည့် အဖြစ်က ဖြစ်နေပြီ။ ဆေးစစ်ချက်ကလည်း ဒီအတိုင်း အတိအကျ ထွက်နေ ပြီ။ သူမကိုယ်တိုင် မယုံနိုင်မ ယုံချင်ပေမဲ့ ဖြစ်နေပြီ ... ၊

"နှင်း လေးလေးအေး ဆူမလို့ မေးနေတာ မဟုတ်ဘူး၊ ဘယ်သူလဲ ဇော် လား"

"ဘာ ... ဘာကိုမေးနေတာလဲ လေးလေးအေး ... "

"ဘာကိုမေးရမှာလဲ ... "

အူကြောင်ကြောင်လေး ပြန်မေးလာသည့် နှင်းအား ဒေါသနှင့် အော်လိုက် မိပြီးမှ သူမအသံကို ပြန်နှိမ့်ချလိုက်ရ၏။

"ညည်းကိုယ်ဝန်ကို မေးနေတာ ... ဘယ်သူလဲ၊ ညည်းဘယ်သူနဲ့အတူနေ မိလဲ ဇော်လား ... ဇော်နဲ့ညည်း လွန်လွန်ကျူးကျူး ဖြစ်ခဲ့တာလား ... "

"မဟုတ် ... မ ဟုတ်ဘူး၊ လေးလေးအေး ဘာတွေမေးနေတာလဲ ... "

အလန့်တကြား ထဖြစ်သွားသည့် နှင်းပုံစံကြောင့် ဇော်နဲ့ ကိုယ်ဝန်ရ လောက်တဲ့အထိ မဖြစ်ခဲ့ကြတာ သိသာနေသည်။ နှင်းသည် ညည်းကိုယ်ဝန်

ဆိုသည့် စကားကြားမှ အခြေအနေကို နားလည်သွားသလို ကိုယ့်ဗိုက်ကိုယ် ငုံ့ကြည့်ကာ အံ့သြနားမလည်ဟန်ဖြင့် ...

"ဒါဆို ဘယ်သူလဲ ... ညည်းကို တစ်ယောက်ယောက်က လုပ်ကြံလိုက်တာလား၊ နှင်း ဒီမှာကြည့်စမ်း ... လေးလေးအေး မေးနေတာဖြေစမ်း၊ ညည်းဗိုက်ထဲက ကလေးအဖေ ဘယ်သူလဲ ... "

"မဟုတ်ဘူး ... ဘယ်သူမှ မဟုတ်ဘူးလေးလေးအေး၊ နှင်းဘယ်သူနဲ့မှ ဘာမှ မဖြစ်ဘူး ... "

"ဘာ ... "

ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘဲ ကိုယ်ဝန်က ဘာလဲ ... ၊

"နှင်း ... ညည်းကို လေးလေးအေး ဆူမလို့မေးနေတာမဟုတ်ဘူး၊ ပြောစမ်း ... ညည်းကိုယ်ဝန် ဘယ်သူနဲ့လဲ၊ ဇော်နဲ့လား ... ဇော်နဲ့ဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် လေးလေးအေးက ဆူမလိုမေးနေတာ မဟုတ်ဘူး၊ လူသိရှင်ကြားမဖြစ်ခင် ညည်းအရှက်မကွဲအောင် တစ်ခုခုလုပ်ရမှာ ... ပြောစမ်း ... ကလေးအဖေဘယ်သူလဲ၊ ဘယ်သူနဲ့ ညည်းဖြစ်ခဲ့တာလဲ၊ ဘယ်တုန်းကလဲ ... ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း ... "

ကိုယ်ဝန် ... ကိုယ်ဝန် ... ငါ့မှာ ကိုယ်ဝန်ရှိနေတယ်လို့ ဘာလို့ပြောလိုက်တာလဲ ... ကိုယ်ဝန်ရှိစရာမှ အကြောင်းမရှိဘဲ ... ၊

ယောကျ်ားတစ်ယောက်နဲ့ အတူနေဖို့မပြောနဲ့ အများအမြင်မှာ ချစ်သူရည်းစားတွေပါ ဆိုသည့် ဇော်တောင် သူမပါးကို တစ်ခါပဲ နမ်းဖူးသည်။ ဒါတောင် နှင်းကို ခွင့်မတောင်းဘဲ ဖျတ်ခနဲ နမ်းလိုက်လို့...။ နှင်းစိတ်ဆိုးသွားတာသိတော့ နောက်ဘယ်တော့မှ မလုပ်တော့ပါဘူးလို့ ကတိပေးခဲ့ရ၏။ ဇော်မှလွဲပြီး နှင်းမှာတခြား ဘယ်သူမှ မရှိ၊ လေးလေးပြောသလို အစော်

ကား ခံရတာတွေဘာတွေလည်း မဖြစ်ခဲ့ ...။ နှင်းမှာ ဘယ်သူဆို ဘယ်သူမှ မရှိပေ ... ၊

"နှင်း ... လေးလေးအေး မေးနေတာကြားလား၊ ညည်း ... ညည်းကို တစ်ယောက်ယောက် စော်ကားလိုက်တာလား ... "

"ဟင့်အင်း ... "

ဒီကိစ္စကြီးကို တွင်တွင်ငြင်းနေရတာပင် နှင်းရှက်နေမိသည်။ မဟုတ်ပါ။ နှင်းဘယ်သူနဲ့မှ ဘာမှမဖြစ်ခဲ့တာ လေးလေးအေး ယုံအောင် ဘယ်လိုပြောရမလဲ ...၊

"မိနှင်း ... ညည်းငါ့ကို စိတ်တိုအောင် လုပ်နေတာလား၊ ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘဲ ညည်းဗိုက်ထဲကဟာက ဘယ်လိုရှိသွားတာလဲ ... ဟမ် ပြောစမ်း၊ ကလေးအဖေကို ငါ့ကို ပွင့်ပွင့်လင်းလင်းပြော ... ညည်းကို ငါဆူမလို့ မဟုတ်ဘူး၊ ပြဿနာဖြေ ရှင်းဖို့မေးနေတာပြောစမ်း ... ဘယ်သူလဲ ... "

"ဘယ်သူမှ မဟုတ်ပါဘူး လေးလေးအေး ... တကယ် ဘယ်သူမှမဟုတ်ပါဘူး၊ နှင်း ... နှင်းမှာ ... ကိုယ်ဝန် မရှိပါဘူး၊ ရှိစရာမရှိပါဘူး ... တစ်ခုခု မှားနေပြီ"

"တိတ်စမ်း ... ဘာမှားတာလဲ၊ မျိုးမျိုးနင့်လက်ကို စမ်းကတည်းက သိနေတာ အခု ဆီးထပ်စစ်တာလည်း ဘယ်နှခါလဲ ... ဘာမှမမှားဘူး၊ ညည်းငါ့ဒေါသ ကိုဆွနေတာလား မိနှင်း၊ လူကြားအောင်လုပ်ပြီး ငါ့ကို အရှက်ခွဲနေတာလား၊ ပြောစမ်း ကလေးအဖေဘယ်သူလဲ ... "

"မဟုတ်ပါဘူးလေးလေး ... ဘယ်သူမှမဟုတ်ပါဘူး၊ နှင်းမှာဘာမှမဖြစ် ... "

"ကဲ ... ကဲ မရှိဦး၊ ငြင်းစမ်း ... ထပ်ငြင်းကြည့်စမ်း ... "

ဒေါ်အေးအေးမာ စိတ်ကိုမထိန်းနိုင်တော့ဘဲ နှင်းပခုံးကို တဘုန်းဘုန်း ထုရိုက်ပစ်လိုက်သည်။ သူမ ဘယ်လောက်ရိုက်ရိုက် နှင်းဆီက အဖြေက ပြောင်းမသွားပေ ... ။

"မဟုတ်ပါဘူးလေးလေး ... နှင်းပြောတာယုံပါ၊ နှင်းမှာဘာမှမရှိပါဘူး ... "

ဒေါ်အေးအေးမာ သည်းခံနိုင်စွမ်း ကုန်ဆုံးပြီဖြစ်၏။ နှင်းအိပ်သည့် အိပ်ခန်း ထဲသွားကာ ခရီးဆောင်အိတ်အား ဖွင့်ပြီး နှင်း၏အင်္ကျီတွေ ပိုက်ဆံတွေထည့်ကာ နှင်းမသိသည့် ဘာတွေမှန်း မသိသော စာရွက်စာတမ်းများပါ ထည့်နေသည်။ နှင်း အဒေါ်ဖြစ်သူ ဘာတွေလုပ်နေမှန်း မသိဘဲ နောက်က နေ ခပ်ရွံ့ရွံ့လေး လိုက်ကြည့် နေမိသည်။

"ညည်းကို ညည်းအမေလို ဖြစ်မှာစိုးလို့ ငါဘယ်လောက် ဂရုစိုက်ခဲ့လဲ ... ညည်းအမေ မိန်းကလေးဖြစ်ပြီး မစောင့်ထိန်းခဲ့လို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရတယ်၊ သူ့ကြောင့် ငါတို့မိသားစု ပတ်ဝန်းကျင်မှာ မျက်နှာငယ် အရှက်ရခဲ့ရတယ် ... ညည်းကို ညည်းအမေလို အမှားမျိုး ကျူးလွန်လာမှာစိုးလို့ ငါသေချာပြောပြဆုံးမခဲ့တယ်၊ မျက်စိအောက်က အပျောက်မခံဘဲ ဂရုစိုက်ခဲ့တယ်၊ စည်းကမ်းတွေလည်း တင်းကျပ်ခဲ့တယ် ... အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတတ်ဖို့ သင်ခဲ့တယ်၊ ဒီ လောက် မျက်စိအောက်က အပျောက်မခံဘဲ အချိန်ပြည့် ဂရုစိုက် သွန်သင်ဆုံးမနေ တာ တောင်မှ ငါ့ကို အရှက်ခွဲဖြစ်အောင် ခွဲသေးတယ် ... "

စကားတွေ ဆက်တိုက်ပြောရင်း နှင်းအင်္ကျီတွေထည့်ပေး စာရွက်စာတမ်း တွေ ထည့်ပေးနှင့် နောက်ဆုံး ခရီးဆောင်သေတ္တာနှင့် အတူ နှင်းလက်ထဲ ရောက်လာတာ ဘဏ်စာအုပ်တစ်အုပ် ...

"ရော့ ... အဲဒီဘဏ်စာအုပ်ထဲမှာ ညည်းအမေ ညည်းအတွက် စုပေးခဲ့တဲ့

သိန်းသုံးဆယ်ရှိတယ် ... ငါ့မှာရှိသလောက်ပါ အကုန်ယူသွား၊ သွား ... ထွက်သွား၊ ညည်းဘာသာ ဘာ ဖြစ်ခဲ့ဖြစ်ခဲ့ ငါသိလည်း မသိချင်တော့ဘူး ... ကလေးအဖေကို ညည်းဟာညည်းတော့ သိမှာပေါ့၊ သူ့ဆီသွားပြီးသူနဲ့နေ ... ငါ့ရှေ့ဘယ်တော့မှပြန်မ လာနဲ့ ... ညည်းနဲ့ငါ သေခန်းပြတ်ပဲ၊ ငါ့လည်း ညည်းအဒေါ် လို မသတ်မှတ်နဲ့၊ သွား ... ထွက်သွား ... "

နှင်း လေးလေးအေး လက်ထဲထည့်ပေးလာသည့် ခရီးဆောင်သေတ္တာနှင့် ဘဏ် စာအုပ်လေး ကိုင်ရင်း လေးလေးအား ပြန်ကြည့်မိသည်။ လေးလေး တကယ် ပြောနေတာလား ...၊ သူမကို အိမ်က တကယ် ထွက်သွားခိုင်းနေ တာလား ...

နှင်းလူမှန်း သိတတ်စကတည်းက အဖေဆိုတာလည်း ဘယ်ဆီမှန်းမသိ၊ အမေဆိုတာလည်း နှင်းသိတဲ့ လေးလေးအေးကသာ နှင်းအမေ ...။ နှင်း ဘဝမှာ တွယ်တာစရာဆိုလို့ လေးလေးအေး တစ်ယောက်ပဲရှိသည်။ နှင်း တစ်သက်လုံးလေးလေး အေးဆုံးမသမျှနားထောင် လေးလေး အလိုကျ နေ ခဲ့ပါလျက် နှင်းကိုယ်တိုင်ဘယ် လိုကဘယ်လို ဖြစ်သွားမှန်းမသိသည့် အဖြစ် တစ်ခုကြောင့် လေးလေးအေး နှင်းကို မုန်းနေပြီ ...။ အိမ်ပေါ်က ထွက်သွား ခိုင်းနေပြီ ...၊

ကိုယ့်ကိုယ်ကိုယ် အိပ်မက်လား တကယ်လား ပြန်မေးနေမိတဲ့အထိအဖြစ် အ ပျက်တွေကမြန်ဆန်လွန်းကာ သူမဖြစ်နေတာကိုသူမကိုယ်တိုင်ပင် မသိ။ လေးလေး အေးက နှင်းကို တကယ်စိတ်ဆိုးတာလား ...၊ ကလေး အဖေ မေးမရလို့ စိတ်နာသွား တာလား ...

"လေးလေးအေး ... လေးလေးအေး နှင်းတောင်းပန်ပါတယ်၊ နှင်းဘယ်သူ မှန်း တကယ်မသိလို့ပါ ... နှင်းကို စိတ်မဆိုးပါနဲ့၊ နှင်းဘယ်သူနဲ့မှ ဘာမှမ ဖြစ်ခဲ့တာ တကယ်ပါ ... လေးလေးအေး နှင်းကို စိတ်မဆိုးပါနဲ့၊ နှင်းမှာ

သွားစရာမရှိလို့ပါ ... လေးလေးအေးက လွဲရင် နှင်းမှာ ဘယ်သူမှမရှိပါဘူး ... "

"ထွက်သွားစမ်းနှင်း ... ငါဒီထက် ဒေါသထွက်လာရင် ပတ်ဝန်းကျင်မှာ ညည်းရောငါရော ပိုအရှက်ကွဲလိမ့်မယ်၊ တောင်းပန်ပါတယ်အေ ... ငါ တောင်းပန်ပါတယ် ... ငါ့ကိုဒီ့ထက် ပိုအရှက်မခွဲပါနဲ့၊ သွား ... ထွက်သွား ... ငါ့ရှေ့ဘယ်တော့မှပေါ်မလာနဲ့ ... "

"နှင်းတောင်းပန်ပါတယ် လေးလေး ... နှင်းတောင်းပန်ပါတယ် ... "

"မတောင်းပန်နဲ့ ... ညည်းပေါက်စလေး ကတည်းက ညည်းကိုငါဘာပြော ခဲ့ လဲ ... ညည်း ညည်းအမေလိုခြေလှမ်းမှားတဲ့နေ့က ငါ့မျက်နှာကို နောက်ဆုံးမြင်ရတဲ့ နေ့ပဲလို့ မပြောခဲ့ဘူးလား၊ ငါအခါးသီးဆုံး အခြေအနေ ကိုမှ ညည်းက ငါ့ကို ထပ်ဖြစ်အောင် လုပ်တာ ... ညည်းကို ငါဘယ်တော့မှ ခွင့်မလွှတ်ဘူး ... "

နှင်း လေးလေးအေးဆွဲခေါ်သည့်အတိုင်း အိမ်ရှေ့ခြံတံခါး အပြင်ထိ ပါလာ၏။ ဂျိန်းခနဲ တံခါး ဆောင့်ပိတ်သွားချိန်မှာ နှင်းဘေးမှာ ခရီးဆောင် အိတ်နှင့် ပိုက်ဆံအိတ်ထုပ်လေး ဘုတ်ခနဲ ပြုတ်ကျလာသည်။

ညသည် မီးရောင်ဖြာဖြာ လင်းသည့် ကူရာကယ်ရာမဲ့ည ဖြစ်၏။

***

(၃)

ညကြီးမင်းကြီး ခရီးဆောင်သေတ္တာတစ်လုံးနှင့် ရောက်ချလာသည့် နှင်းသည် ခေတ်ကို တွေ့သည်နှင့် ချုံးပွဲချငိုတော့၏။ ခေတ်ရတနာကျော်သည် မြောက်ဥက္ကလာ စျေးရုံကြီးထဲရှိ အကြီးဆုံး ရွှေဆိုင်ကြီးဖြစ်သော ရတနာရွှေဆိုင်ပိုင်ရှင်များ ဖြစ်ကြသည့် ဦးကျော်ကျော် ဒေါ်ရတနာတို့၏ တစ်ဦးတည်းသော သမီးဖြစ်သည်။ ခေတ်ကို အသက်ကြီးမှ ရထားသည်မို့ မိဘ နှစ်ပါးစလုံးက ဖူးဖူးမှုတ် အလိုလိုက်ထားကြပြီး ခေတ်၏အချစ်ဆုံး သူငယ်ချင်းဖြစ်သည့်နှင်းကိုပါ သူတို့သမီးအရင်းလို ဆက်ဆံခဲ့ကြသည်မို့ နှင်း ငိုယိုရောက်လာတော့လည်း ဦးကျော်ကျော်ရော ဒေါ်ရတနာပါ ပျာပျာသလဲ ဖြစ်ကုန်ကြ၏။ နှင်းကလည်း ခေတ်ကိုဆို ရင်ထဲရှိသမျှအကုန် ပြောပြတတ်သည်မို့ သူမဖြစ်လာသမျှအား ဦးမရှိသည့်အခိုက် အန်တီနှင့် ခေတ်တို့ကို ပြောပြလိုက်သည်။

"နင့်လေးလေးအေးကလည်း ရက်စက်လိုက်တာဟာ ... ဘယ်လိုဖြစ်တာလဲ နှင်း၊ နင့်ကိုယ်ဝန် ဆိုတာကြီးက တကယ်လား၊ တကယ်ရှိနေတာလား ... "

"ခေတ်ရယ် ... နင်ငါ့အကြောင်း သိပါတယ်၊ အိမ်မှာမဟုတ်တဲ့ အချိန်တွေဆို ငါနင်နဲ့ပဲ အမြဲအတူနေတာပါ၊ ဇော်နဲ့ရည်းစား ဆိုပေမဲ့ ငါတို့ အဲ့လောက်မရင်းနှီးတာ နင်သိပါတယ် ... သူကလွဲပြီး ငါ့မှာ ဘယ်သူမှမရှိဘူး၊ ငါ ... ငါဘယ်သူနဲ့မှဘာမှ မဖြစ်ခဲ့ဘဲနဲ့ အဲဒီကိုယ်ဝန် ဆိုတာကြီးက ဘယ်လိုဖြစ်သွားလဲ ငါတကယ်မသိဘူး၊ နှင်း တကယ်ပြောတာပါ အန်တီ ... နှင်း

ဘယ်သူနဲ့မှ ဘာမှမဖြစ်ခဲ့ပါဘူး"

ခေတ်က နှင်းအကြောင်း အကုန်အစင် သိရုံမက နှင်းစိတ်ဓာတ်ကိုပါ သိသည်မို့ နှင်းပြောတာကို ချက်ချင်းလက်ခံ၏။ ဖြစ်နေသည့် အခြေအနေကိုသာ နားမလည်နိုင်ခြင်း ဖြစ်သည်။ နှင်း သူမကို စိုက်ကြည့်နေသည့် ခေတ်မေမေ ဒေါ်ရတနာအား လှည့်ကြည့်ပြောသည်။ ဒေါ်ရတနာဆီမှ အသံတိတ်နေလျှင် ခေတ်က နှင်း ဘက်က ကူပြောပေး၏။

"နှင်းပြောတာ အမှန်ပဲမေမေ ... နှင်းနဲ့ခေတ် အမြဲတွဲနေတာ ခေတ်တို့ကြားမှာ ဘယ်တုန်းကမှ လျှို့ဝှက်ချက်ဆိုတာ ရှိခဲ့တာမဟုတ်ဘူး၊ နှင်းမှာ အဲ့လိုဖြစ်ရမယ့် ဆက်ဆံရေးမျိုး ရှိခဲ့ရင် နှင်းဖွင့်မပြောရင်တောင် ခေတ်သိတယ် ... "

"သမီးပြောတော့ ဆေးခန်းမှာ နှစ်ခါတောင် စစ်တာ ဒီအဖြေပဲထွက်တယ်ဆို ... "

"ဟုတ်တယ်အန်တီ ... ဘာလို့ အဲ့အဖြေပဲ ထွက်လဲ နှင်းမသိဘူး ... "

"သမီး ဒီလိုကိစ္စမျိုးဆိုတာက ရှက်လို့ဖုံးကွယ်နေရုံနဲ့ ပြီးသွားမယ့်ကိစ္စမဟုတ်ဘူး ... အန်တီတို့က သမီးလေးလေးအေးနဲ့ရော သမီးမေမေနဲ့ပါရင်းနှီးတဲ့ မိတ်ဆွေတွေ၊ သမီးမေမေတုန်း ကလည်း မိသားစု တော်တော်လေး အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရတယ် ... အဲဒါကြောင့်လည်း သမီးလေးလေးက ဒီလိုကိစ္စတွေကို အရမ်း နာကြည်းနေတာ၊ အန်တီတို့ကတော့ သမီးလေးလေးလို မဟုတ်ဘူး ... သမီးကို ဒီအတိုင်း ပစ်မထားဘူး၊ ဖြစ်သင့်တာကို စီစဉ်ပေးမှာ ... သမီးလုပ်ရမှာက ကလေးအဖေ ဘယ်သူလဲ အန်တီကို ပွင့်ပွင့်လင်းလင်း ပြောပြရုံပဲ ... "

ခေတ်မေမေ့အား မျက်ရည်လည်နေသည့် အားကိုးရာမဲ့ မျက်နှာလေးဖြင့် ငေးကြည့်နေသည့် နှင်းမျက်နှာလေးကို ဘေးကထိုင်ကြည့်ရင်း စိတ်မ

ကောင်းဖြစ်နေမိ၏။ နှင်းကလည်း သူမကို အားကိုးတကြီး လှည့်ကြည့် စစ်ကူခေါ်ရင်း ခေါင်းတွင်တွင် ခါငြင်းသည်။

"နှင်း နှင်းတကယ်မသိတာပါ အန်တီ ... နှင်းတကယ်ကို မသိတာပါ၊ နှင်းကို ယုံပါအန်တီ ... နှင်း တကယ်ကိုမသိတာပါ၊ ခေတ် ငါပြောတာတကယ်ပါ ... ငါ့ကိုယုံ ပါနော် ... "

"ငါယုံပါတယ်နှင်းရယ်၊ မေမေ ... တစ်ခုခု မှားနေတာ ဖြစ်မယ်မေမေ၊ နှင်း တကယ်ပြောနေတာပါ ... သူတကယ်မသိတာပါ ... "

"ဒါဆို သမီးမသိတဲ့အချိန်မှာ အကြံစည် ခံလိုက်ရတာမျိုးများ ဖြစ်နေမလား ... သမီး သတိလက်လွတ် ဖြစ်နေတဲ့အချိန်မျိုး ရှိခဲ့သလား ပြန်စဉ်းစားကြည့်ပါဦး၊ ပြီးခဲ့တဲ့ တစ်လခွဲလောက်က ဘာတွေဖြစ်ခဲ့သလဲ သေချာ ပြန်စဉ်းစားကြည့်ပါဦး ... "

ပြီးခဲ့တဲ့ တစ်လခွဲ ...။ ပြီးခဲ့တဲ့တစ်လခွဲလောက်က ...

နှင်း မျက်မှောင်လေးကုတ်လျက် စဉ်းစားနေလျှင် ခေတ်ရော ဒေါ်ရတနာပါ နှင်းတစ်ခုခု ပြောလာမလားဟု စိတ်ဝင်တစားစောင့်ကြည့်နေမိကြ၏။

"သေချာစဉ်းစားကြည့် ... ကလေးအဖေက ဘယ်သူလဲ ... "

နှင်း လေးပင်စွာခေါင်းခါရင်း ...

"နှင်းမသိဘူး"

"ငါသိတယ် ... "

အခန်းထောင့်အကွယ်က အသံကြောင့် အားလုံး အသံလာရာသို့ပြိုင်တူ လှည့်ကြည့်မိကြသည်။ အိမ်ဧည့်ခန်း အကွယ်တစ်နေရာတွင် ရပ်နေသူမှာ ခေတ်ဖေဖေ ဦးကျော်ကျော်ပင် ဖြစ်ပြီး ဦးကျော်ကျော် နှုတ်ဖျားမှ ထွက်ကျလာသည့် နာမည်တစ်ခုကြောင့် နှင်း ခေါင်းတည့်တည့်ကို မိုးကြိုးပစ်ချ

လိုက်သလို ခံစားလိုက်ရ၏။ ထိုသို့ ခံစားလိုက်ရသူမှာ နှင်း တစ်ယောက်တည်း မဟုတ် ... ၊

"မဖြစ်နိုင်တာ ... "

ခေတ် နေရာမှ ဝုန်းခနဲ ထရပ်လိုက်မိပြီး နှင်းအား ခပ်စိမ်းစိမ်း ပြန်ငဲ့ကြည့်သည်။ ခေတ်၏ အကြည့်သည် ခုနကနှင့်မတူဘဲ လုံးဝပြောင်းလဲလျက် သေမိန့်ချခါနီး အပြစ်သားတစ်ယောက်ကို ကြည့်သည့် အကြည့်မျိုးဖြစ်၏။ နှင်း ခေတ်အား ပြန်ကြည့်ရင်း ခေါင်းတွင်တွင် ခါနေမိပေမဲ့ အင်အားမဲ့လျက် ...

***